# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၂၄)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ၂၀-၇-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

စာမျက်နှာ ၃ သို့ ★

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့



ပြန်လည်မွမ်းမံထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ရှေးမူမပျက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားပြတိုက် (ရန်ကုန်)မှ သိရသည်။

"မနှစ်က အာဇာနည်နေ့ ကျင်းပခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ပိုမိုခိုင်ခံ့အောင် ပြုပြင်မွမ်းမံဖို့၊ ပြုပြင်တဲ့အခါမှာလည်း ရှေးမူမပျက် မူလလက်ရာအတိုင်း မွမ်းမံဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။

စာမျက်နှာ ၆ သို့❖

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၈

## ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာတွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် ဝါအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၉

ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှုသရုပ်ပြခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီးခြံ) နှင့် ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်ခြံ)တို့၌ ကျင်းပရာ

စာမျက်နှာ ၆ သို့ ○



## မြစ်ကြီးနားမြို့၌ နိုင်ငံတကာပညာရေး ဖိုရမ် - ၂၀၂၆ ကျင်းပမည်

မြစ်ကြီးနား ဇူလိုင် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်၌ လာမည့် နိုဝင်ဘာလတွင် နိုင်ငံတကာပညာရေးဖိုရမ်-၂၀၂၆ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ သိရသည်။

အဆိုပါ ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် မြစ်ကြီးနားတက္ကသိုလ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၆ သို့ ✪

## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည်ဖြစ်

ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တိုးတက်ရေးအတွက် အလွန်အရေးပါသော အရင်းအမြစ်များဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲခြင်းအားဖြင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များရရှိအောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများအဖြစ် တရားမဝင် ငါးဖမ်းဆီးမှုလျော့နည်းစေရေး Vessel Monitoring System (VMS) စနစ် အသုံးပြုခြင်း၊ ငါးမဖမ်းရရာသီနှင့် ဇရိယာများ သတ်မှတ်ခြင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေ ရေးဆွဲခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍများ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ပလတ်စတစ်စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဒီရေတောများ တိုးချဲ့ထိန်းသိမ်းရေးတို့ကိုလည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကော်မတီဝင်အားလုံးအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဌာန၊ အဖွဲ့အစည်းများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါ ရေပြင်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြရန်လိုကြောင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အင်ကြင်းခန်းမ၌ ကျင်းပသည့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေး၌ ဆွေးနွေးပြောကြားသည်။

ပင်လယ်ကမ်းရိုးတန်းဒေသထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ ဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

၂၀၂၄ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း (Integrated Coastal Management - ICM) ကို အခြေခံ၍ အစိမ်းရောင်စီးပွားရေး (Green Economy)၊ ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အပြာရောင်စီးပွားရေး (Blue Economy) နှင့် ပတ်လည်စီးပွားရေး (Circular Economy) အယူအဆများကို ပေါင်းစပ်ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိထိရောက်ရောက် ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များအား ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Center)အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

စွမ်းရည်မြှင့်တင်ပြိုင်ပွဲများတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီ၊ ဝက်ဘာပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာဉာဏ်စမ်းပြိုင်ပွဲနှင့် စာအုပ်ခေါင်းရွက်ပြိုင်ပွဲများ ပါဝင်ခဲ့ပြီး အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအသီးသီးတွင် ထူးချွန်သူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ ကြွယ်ဝလာစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ၊ စာအုပ်၊စာစောင်များနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက် ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၁၉ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ညောင်ဦးခရိုင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက ညောင်ဦးခရိုင် ခုတင်(၂၀၀)ဆံ့ ခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**(၄၈၁)**

## ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို ဒေသအလိုက် လွတ်လပ်စွာဝယ်ယူနိုင်ရန် စီစဉ်ထားဟု MFSPEA ထုတ်ပြန်

**မန္တလေး ဇူလိုင် ၁၉**

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA) က တောင်သူများအနေဖြင့် မိုးစပါး၊ ဝါနှင့် မိုးသီးနှံများ စိုက်ပျိုးရာတွင် အဓိကအသုံးပြုသည့် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို ဒေသအလိုက် လုံလောက်စွာ၊ လွတ်လပ်စွာ ဝယ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း ထုတ်ပြန်အသိပေးထားသည်။

MFSPEA ၏ ထုတ်ပြန်ချက်အရ တောင်သူများ လိုအပ်သည့် ဓာတ်မြေဩဇာများကို ဒေသအသီးသီးတွင် လုံလောက်စွာ ရရှိနိုင်စေရန် စီစဉ်ထားပြီး ဝယ်ယူလိုသူများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဒေသများတွင် အဆင်ပြေစွာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများ ဝယ်ယူရေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသူများအနေဖြင့် ဖုန်း ၀၉-၆၆၅၄၀၇၈၉၀ သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း MFSPEA က အသိပေးထားကြောင်း သိရသည်။

**ရွှေမန်း**

## ရွှေခရီးနှင့် ရွှေဆီမီးစာအုပ်မိတ်ဆက်ပွဲနှင့် တရားဓမ္မဆွေးနွေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**



ရွှေခရီးနှင့် ရွှေဆီမီးစာအုပ်မိတ်ဆက်ပွဲနှင့် တရားဓမ္မဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့၊ ၇၃လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။ (ဓာတ်ပုံ)

ရှေးဦးစွာ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာစိုးလွင်က တရားဓမ္မများကို ဆွေးနွေးဟောပြောပြီး ရွှေခရီးနှင့် ရွှေဆီမီးစာအုပ်အား မိတ်ဆက်သည်။ ထို့နောက် ပရိသတ်များနှင့် အမေး၊ အဖြေကဏ္ဍပြုလုပ်ပြီး ဓမ္မပူဇာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် MINDFUL LIGHT အဖွဲ့က ကုသိုလ်ပြုစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆရာကြီး၏ တရားဓမ္မများကို ဓမ္မလမ်း ၃၆၅ Mobile App တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(၀၄၀)**

အဖွဲ့မှ ကြီးမှူးကျင်းပသော "နှစ်ဝိသုဒ္ဓိမဂ် ဓမ္မလမ်း ဝိပဿနာ (၂၀)လျှောက်လှမ်း ဓမ္မလမ်း"

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဒီးဒုတ်ဦးဘချို၏ ဂူဗိမာန်၌ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်များကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချောချောစိန်၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

စာမျက်နှာ ၄ သို့ ★





မန်းဘခိုင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

★ စာမျက်နှာ ၃ မှ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ်၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အရှိနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ခရစ်ယာန်ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟို၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဖူးလ်ဂေါ်စပယ် အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊ သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ဌာနချုပ်၊ မြန်မာမွတ်စလင်လူငယ်များအဖွဲ့ ဌာနချုပ်၊ မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ စားသုံးသူသမဂ္ဂ၊

စာမျက်နှာ ၅ သို့ ★



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက လွမ်းသူ့ပန်းခွေချစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ဒုတိယအကြီးအကဲက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

★ စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို)၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ ရှင်သန်ရေးကူညီမှုအသင်း၊ အိုလမာ အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့်ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံးတိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥသြဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

PPIB News



လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



(၇၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

❖ ဗိုလ်ချုပ်မှ

ပြုပြင်မှုတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေလည်း ချထားပေးခဲ့ပါတယ်။ ပြတိုက် ပြင်ဆင်မှု လုပ်ငန်းတွေကို ဆောက်လုပ်ရေး ဝန်ကြီးဌာန အထူးအဖွဲ့(၂)က တာဝန်ယူပြီး အကြီးစားမွမ်းမံမှု ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် အခုနှစ် အာဇာနည်နေ့အမီ ပြည်သူတွေ ကြည့်ရှုလေ့လာနိုင်ခဲ့ကြတယ်။ ပြုပြင်မွမ်းမံရာမှာ မူလက ရှိခဲ့တဲ့ ပုံစံကို စနစ်တကျ လေ့လာပြီးတော့ မီးသီး၊ လျှပ်စစ်မီးခလုတ်က အစ မူလ လက်ရာအတိုင်း ဆောင်ရွက်ခဲ့ပါတယ်" ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

(၇၉) နှစ်မြောက် အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်အား ရှေးမူမပျက်



ဗိုလ်ချုပ်အောင်ဆန်း၏ စီလီကွန်ပုံတူအား ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

ပြန်လည် မွမ်းမံထားမှုကြောင့် ကိုလိုနီခေတ်ဟန် ရှေးဟောင်းအဆောက်အအုံအဖြစ် တန်ဖိုးမြင့်မားမှုကို ပြသနေသည်။

"(၇၉)နှစ်မြောက် အာဇာနည်နေ့မှာ မူလအဆောက်အအုံပုံစံအတိုင်း ပြသနိုင်ခဲ့ပါပြီ။ ဗိုလ်ချုပ်ပြတိုက်ဟာ နှစ်သက်တမ်းရာကျော်နေပါပြီ။ ဗိုလ်ချုပ်နေထိုင်ခဲ့တဲ့ နေအိမ်လည်း ဖြစ်တဲ့အတွက် နောင်လာနောက်သားတွေ ကြည့်ရှုလေ့လာနိုင်အောင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ပြတိုက်ကြီးဟာ နိုင်ငံ့ခေါင်းဆောင် နေအိမ်ဖြစ်သလို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံလည်း ဖြစ်ပါတယ်။ ဒါကို ရေရှည်တည်တံ့အောင်နဲ့ ရှေးမူမပျက် ပြင်ဆင်မွမ်းမံနိုင်အောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူးက ပြောသည်။

ထိုကဲ့သို့ ပြင်ဆင်မွမ်းမံရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံလျှင်ကောင်စီ၊ ဗိသုကာအသင်း၊ နည်းပညာကော်မတီ၊ ကျွမ်းကျင်ပညာရှင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

"ရှေးမူမပျက် မူလအတိုင်း ကြံ့ခိုင်ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းရာမှာ အသေးစိတ် စနစ်တကျ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းတွေ မီးစလောင်း၊ မီးခလုတ်၊ ပန်ကာစတာတွေ အားလုံးကို မူလလက်ရာအတိုင်း ရှာဖွေပြီး ပြုပြင်မွမ်းမံနိုင်ခဲ့တယ်။ ပြီးတော့ မျက်နှာကြက်၊ ဘေစင်၊ သန့်စင်ခန်း၊ လေခါး၊ လျှောက်လမ်း၊ ကြမ်းခင်း၊ ခေါင်မိုး၊ ဆေးအရောင်၊ ရေသန့်စင်လုပ်ငန်းတွေ၊ မြက်ခင်း၊ ရေကန်ကိုလည်း မူလပုံစံအတိုင်း ပြင်ဆင်မွမ်းမံခဲ့ပါတယ်။ ရေကန်ဆိုရင် ဗိုလ်ချုပ်နေထိုင်စဉ်က မြေသားကန်ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲက အဲဒီခေတ်ဟန်အတိုင်း ပြုပြင်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် မူလအတိုင်း မြေသားကန်၊ ကန်ထဲကိုဆင်းတဲ့ လှေခါးပါရှိတာကြောင့် ကန်ဘေးပတ်လည် လက်ရန်းအကာ အပါအဝင် အားလုံးကို မူလအတိုင်း ပြုပြင်မွမ်းမံခဲ့ပါတယ်။ ပြီးတော့ ဗိုလ်ချုပ်ပြတိုက်မှာရှိတဲ့ ဗိုလ်ချုပ်စီးခဲ့တဲ့ကားဟာ အရင်က မောင်းလို့မရတဲ့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ပြန်လည်ပြုပြင်ခဲ့ပါတယ်။ အခုဗိုလ်ချုပ်ကားကို မောင်းလို့ရနေပါပြီ။ အခုလို နှစ်ပေါင်းရာကျော် သမိုင်းဝင် အဆောက်အအုံကြီးကို ပြုပြင်မွမ်းမံပြင်ဆင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကို အထူးပဲကျေးဇူးတင်ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဇော်က ပြောကြားသည်။

ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ - ကနူး

○ ဝါစိုက်ပျိုးမှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အားပေးပြီး နည်းပညာနှင့် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြပွဲများတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောပိုးဝါဆွတ်စက် အသုံးပြု၍ ဝါဆွတ်ခူးခြင်းဖြင့် လုပ်သား လိုအပ်ချက်နည်းပါးမှု၊ အချိန်တိုအတွင်း ဝါအလေအလွင့်မရှိ ဆွတ်ခူးသိမ်းဆည်းနိုင်မှုတို့ကို ရှင်းလင်းပြသကြပြီး ဒေသခံဝါတောင်သူများအား ပြည်ထောင်စုဝန်ကြီးက တစ်နှစ်ပတ်လည် စိုက်ပျိုးလုပ်ကိုင်မှုနှင့် တောင်သူအကျိုးအမြတ်၊ အသားတင်ဝင်ငွေ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းပြီး ဝါစိုက်ပျိုးထွက်ရှိမှုအားလုံးကို တောင်သူကိုယ်တိုင် စိတ်ကြိုက်ရောင်းချခွင့်ရှိသဖြင့် အမှန်တကယ် အကျိုးစီးပွားဖြစ်စေနိုင်မှုအပေါ် မူတည်၍ မြေအောက် ရေတူးဖော်အသုံးပြုခြင်း အပါအဝင် ထိုက်သင့်သည့် ရင်းနှီး မတည်မှုများကို တောင်သူများအပိုင်းက ထည့်သွင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာအနီးရှိ ထုံးဘိုပိုးစာခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပိုးစာသုတေသနလုပ်ငန်းများ၊ အပူပိုင်းဒေသပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းများကို နည်းစနစ်ကျကျ အောင်မြင်စွာ ဆောင်ရွက်ရန်၊ ပိုးစာမျိုးများနှင့် ပိုးမွေးမြူခြင်း နည်းပညာများ မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

◎ မြစ်ကြီးနားမှ

ထို့နောက် တက္ကသိုလ်သုတေသနစင်တာနှင့် တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဖိုရမ်သည် မြစ်ကြီးနားမြို့၌ နိုင်ငံတော်အဆင့် ပထမဆုံးအကြိမ် ကျင်းပသွားမည့် ဖိုရမ်ဖြစ်သည့်အတွက် လိုအပ်မှုမရှိစေရန် ကြိုတင်ပြင်ဆင်မှုအားလုံးဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါဖိုရမ်ကို အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် ရုရှားနိုင်ငံတို့မှ ထိပ်သီးတက္ကသိုလ်များ၊ ပြည်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ စာတမ်းရှင်များ တက်ရောက်ကြမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ် တီထွင်မှုများ၊ လူမှုအသုံးချသိပ္ပံ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမှုရေးသိပ္ပံ၊ ငြိမ်းချမ်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ၊ ဉာဏ်ရည်တု(AI) နည်းပညာ၊ ကမ္ဘာလုံးဆိုင်ရာသင်ကြား ပြသမှုစနစ်နှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့် အဓိကကဏ္ဍကြီး (၄)ခုနှင့် စပ်လျဉ်းသည့် စာတမ်းဖတ်ပွဲများ ပါဝင်မည့်အပြင် ဒေသထွက်ကုန်ပြခန်းများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တိုင်းပြည်တိုးတက်ဖို့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိဖို့၊ ဥပဒေကို နားလည်ဖို့လိုပါတယ်

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

ရန်ကုန် ဇူလိုင် ၁၉

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအနက်ထား အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်က ယနေ့အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများကို အောက်ပါအတိုင်းဖြေကြားခဲ့ပါသည်-

ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တဲ့အစိုးရတစ်ရပ်အနေနဲ့ရော နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ရော အာဇာနည်ခေါင်းဆောင်တွေကို ကျွန်တော်တို့က အလေးအနက်ထားအသိအမှတ်ပြုဖို့လိုပါတယ်။ ဒါကြောင့် အာဇာနည်ခေါင်းဆောင်တွေနဲ့ပတ်သက်ပြီး ပြုလုပ်တဲ့ အမြင့်ဆုံးဖြစ်တဲ့ အာဇာနည်နေ့အခမ်းအနားကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ အခြားခေါင်းဆောင်တွေလည်းပါလာတယ်။

အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့လာရောက်ပြီး နိုင်ငံတော်ရဲ့ အာဇာနည်ခေါင်းဆောင်တွေကို ဂါရဝပြုတဲ့အနေနဲ့ ကျွန်တော်လာခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့အာဇာနည်ခေါင်းဆောင်တွေ အပါအဝင် နိုင်ငံ့ခေါင်းဆောင်တွေက နိုင်ငံကိုဘယ်လိုမျှော်မှန်းပြီးတော့




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

တည်ဆောက်ခဲ့ကြသလဲ၊ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်အောင် ဘယ်လိုတည်ဆောက်ခဲ့ကြသလဲဆိုတာ ကျွန်တော်တို့က အမြဲတမ်းလေ့လာပြီး တန်ဖိုးထားဖို့လိုပါတယ်။

လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက်အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကိုစည်းကမ်းတကျ၊ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာ ပြောပါရစေ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။

တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ပြောချင်ပါတယ်။ **သတင်းအဖွဲ့**

# နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး အာဇာနည်နေ့အခမ်းအနားနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများ ဖြေကြား

ရန်ကုန် ဇူလိုင် ၁၉

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားခဲ့မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

နိုင်ငံတော်သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ငါးကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ယာယီသမ္မတအနေနဲ့ ၂၀၂၅ ခုနှစ်မှာ တစ်ကြိမ်၊ အခုနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန် ၂၀၂၆ ခုနှစ်မှာ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။ အာဇာနည်နေ့ကို တစိုက်မတ်မတ်တက်ရောက်ခဲ့ခြင်းက နိုင်ငံတော်သမ္မတကြီးအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့လမ်းစဉ်နဲ့ မျှော်မှန်းချက်တွေကို တန်ဖိုးထား




နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

ခြင်း၊ အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ခြင်း၊ သမိုင်းသင်ခန်းစာတွေ ဖော်ထုတ်ဖို့အတွက် ရည်မှန်းပြီး တက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ နိုင်ငံတော်အတွက် အသက်ပေးပြီး လွတ်လပ်ရေးကို တိုက်ယူခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရတဲ့အနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့အတူ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ဖို့အတွက်ကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိဖို့လည်း အလေးထားဆောင်ရွက်နေပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အကောင်အထည်ဖော်နေခြင်းပဲဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့ လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးဖို့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပညာရေးကို အထူးအလေးထားအားပေးနေပါတယ်။ ဒါ့အပြင် လူငယ်စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ဖို့အတွက် အခြေခံပညာကျောင်းတွေမှာ ပြည်သူ့နီတိနဲ့ စာရိတ္တပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးနေပါတယ်။

နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ကာကွယ်စောင့်ရှောက်လိုတဲ့စိတ်ဓာတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေစေဖို့ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ကင်းထောက်လူငယ်နဲ့ လူရည်ချွန်စီမံကိန်းလို နယ်ပယ်စုံလေ့ကျင့်မှုတွေကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ သမိုင်းကြောင်း၊ ခေတ်စနစ်အတွေ့အကြုံနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကြိုးပမ်းမှုတွေကို သင်ခန်းစာယူနိုင်ဖို့ Video Clip တွေ၊ ပြခန်းတွေကို အခမ်းအနားတွေက တစ်ဆင့် ဖော်ပြပေးလျက်ရှိပါတယ်။ သမိုင်းသင်ခန်းစာအနေနဲ့ အချင်းချင်း စည်းလုံးညီညွတ်မှုအားနည်းရင် လွတ်လပ်ရေး ဆုံးရှုံးရတတ်တယ်ဆိုတဲ့ အသိအမြင်ကို နှလုံးသွင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မိမိတို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေးစရိုက်လက္ခဏာတွေကို မြှင့်တင်ပေးခြင်းလို့ပြောလိုပါတယ်။

**သတင်းအဖွဲ့**

# ရွှေစာရံ မှတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံဂေါက်ကွင်းတွင် ရွှေစာရံမှတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီခွဲတွင် Handicap စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ကယ်ဒီမိသားစု (ပ၊ဒု၊တ)ဆု၊ အသင်းဝင်နှင့် မိတ်ဆွေများ(0 to 22)(ပ၊ဒု၊တ)နှင့် သတ္တမအထိ (၇)ဆု၊အမျိုးသမီးပြိုင်ပွဲ (ပ၊ ဒု၊တ)ဆု၊ အသက် (၆၀မှ၇၀)ကျော်အထိ (ပ၊ဒု၊တ)ဆု၊ ဘာဒီအများဆုံးဆု၊ ပါအများဆုံးဆု၊ ကျင်းနှင့်အနီးဆုံးဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ ဗဟိုမျဉ်းနှင့် အနီးဆုံးဆုများ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဦးသိန်းဇော် ဖုန်း၀၉-၂၀၅၃၉၃၂၊ ဦးစိုးမိုး ဖုန်း ၀၉-၇၇၅၈၁၀၄၅၅၊ ဦးစိုးကို ဖုန်း ၀၉-၇၉၈၅၅၇၅၆၇ တို့သို့ ဆက်သွယ်၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

၀-၀-၀-၀-၀

# မော်လိုက်မြို့တွင် ပေ ၁၀၀ ကျော်ရှည်သော ညောင်ပင်သာလမ်းအား ကွန်ကရစ်ခင်း

**မော်လိုက် ဇူလိုင် ၁၉**

ပေ ၁၀၀ ကျော်ရှည်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ မြို့မ(၂)ရက်ကွက်၊ ညောင်ပင်သာလမ်းအား ကွန်ကရစ်ခင်းလျက်ရှိသည်။

**(အောက်ယာပုံ)**

ညောင်ပင်သာလမ်းအား အလျား ၁၃၅ ပေ၊ အနံ ၁၅ ပေနှင့် ထု ၆ လက်မ ကွန်ကရစ်ခင်းနေခြင်းဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ၁၉ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါလမ်းကို ဇူလိုင် ၁၂ရက်မှစတင်၍ ကွန်ကရစ်လမ်းခင်းနေခြင်းဖြစ်ပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေး၊ ကွန်ကရစ်လမ်းခင်းရာတွင် အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို မော်လိုက်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မော်လိုက်ခရိုင် လဝကဦးစီးမှူး ဦးဝင်းထွဋ်အောင်နှင့် မော်လိုက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဇူလိုင် ၁၆ ရက် မွန်းလွဲ ၃ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၃၉၄)**



**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ထိုင်းအစိုးရသစ်၏ ချောမွေ့သော အုပ်ချုပ်မှုယန္တရားကို ကူညီပံ့ပိုးပေးမည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင် ပြောကြား



**ပေကျင်း ဇူလိုင် ၁၉**

တရုတ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၏ နိုင်ငံတော်အခြေအနေများနှင့် ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကို လျှောက်လှမ်းခြင်းအား ခိုင်မာစွာ ထောက်ခံပြီး ထိုင်းအစိုးရသစ်၏ ချောမွေ့သော အုပ်ချုပ်မှုယန္တရားကို ကူညီပံ့ပိုးပေးမည်ဟု သမ္မတ ရှီကျင့်ဖျင်က ယခင်သီတင်းပတ်နှောင်းပိုင်းတွင် ရှန်ဟိုင်းမြို့၌ ထိုင်းဝန်ကြီးချုပ် အနုတင်ချာန်ဗီရာကူးလ်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်အစိုးရသည် ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့၏ အိမ်နီးချင်းသံတမန်ရေးရာ အစီအစဉ်များတွင် ဦးစားပေးအဆင့်၌ ထားရှိပြီး ထိုင်းနိုင်ငံအနေဖြင့် ယုံကြည်အားကိုးနိုင်သည့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတစေရပ်တည်ခဲ့ကြောင်း ရှီက ထုတ်ဖော်ပြောကြားသည်။

နှစ်ဦးနှစ်ဖက်အနေဖြင့် အဆင့်မြင့်ခေါင်းဆောင်များအကြား နီးကပ်သော အပြန်အလှန်ကူးလူးဆက်ဆံမှုများကို ထိန်းသိမ်းထားသင့်ပြီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများအကြား ပြုလုပ်သည့် "၂+၂" မဟာဗျူဟာမြောက် ဆွေးနွေးပွဲယန္တရားကို အပြည့်အဝအသုံးချကာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားသော အဆင့်သို့ မြှင့်တင်သွားရမည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**

## အင်ဒိုနီးရှားအရှေ့ပိုင်း ရေပြင်တွင် ခရီးသည်တင်သင်္ဘောနစ်မြုပ်၊ ပျောက်ဆုံးနေဆဲဖြစ်သော လူ ၂၀ ဦးကို ဆက်လက်ရှာဖွေနေ

**ဂျကာတာ ဇူလိုင် ၁၉**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ရေပြင်တွင် ယခင်သီတင်းပတ်အစောပိုင်းက နစ်မြုပ်ခဲ့သော ခရီးသည်တင်သင်္ဘောတစ်စင်းမှ အသက် ၇ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအပါအဝင် အသက်ရှင်ကျန်ရစ်သူ ငါးဦးကို ကယ်ဆယ်ရေးသမားများက ဇူလိုင် ၁၉ ရက်ညနေပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေဆဲဖြစ်သော အခြားလူ ၂၀ ဦးကို ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

ခရီးသည်နှင့် သင်္ဘောအဖွဲ့သား စုစုပေါင်း ၇၈ ဦး တင်ဆောင်လာသည့် ကေအမ်ချူရှလ်ဆာလ်ဆာ အမည်ရှိ ထိုသင်္ဘောသည် ဗုဒ္ဓဟူးနေ့က စက်ချို့ယွင်းမှုဖြစ်ပွားခဲ့ပြီးနောက် ဆူလာဝေစီပြည်နယ်တောင်ပိုင်း ဆီလာယာကျွန်းစုရှိ ဆိပ်ကမ်းမှ ၇၉ ကီလိုမီတာခန့်အကွာတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

အသက်ရှင်ကျန်ရစ်သူ ငါးဦးကို ဒေသခံတံငါသည် တစ်ဦး၏ ငါးဖမ်းမျှောအိမ်ကို ဖက်တွယ်လျက် ရေမျောနေစဉ် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**



## အန်ဗီဒီယာကုမ္ပဏီ စီအီးအိုဂျန်ဆင်ဟွမ်၏ သားရေဂျာကင်အင်္ကျီကို လေလံပွဲတစ်ခု၌ အမေရိကန်ဒေါ်လာ ၉၆၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၁၉**

အန်ဗီဒီယာကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် ဂျန်ဆင်ဟွမ် ဝတ်ဆင်ခဲ့သော အနက်ရောင် သားရေဂျာကင်အင်္ကျီကို ဇူလိုင် ၁၇ ရက်က နယူးယောက်မြို့တွင် ပြုလုပ်သည့် လေလံပွဲတစ်ခု၌ အမေရိကန်ဒေါ်လာ ၉၆၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့ပြီး ထိုပမာဏသည် ခန့်မှန်းတန်ဖိုးဖြစ်သော အမေရိကန်ဒေါ်လာ ၆၀၀၀၀ ထက် ၁၆ ဆ ပိုမိုမြင့်မားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အဆိုပါ တွမ်ဖို့ဒ် တံဆိပ် သားရေဂျာကင်ကို ဝယ်ယူရန်အတွက် စုဆောင်းသူ ၄၅ ဦးက လေလံဆွဲခဲ့ကြကြောင်း ဆိုသဘီ လေလံကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

အက်ပဲလ်ကုမ္ပဏီကို တည်ထောင်သူ စတိဗ်ဂျော့ဘ်စ်၏ အနက်ရောင်လည်ပိတ်ဆွယ်တာ ဝတ်ဆင်တတ်သည့် အလေ့အထသို့မဟုတ် မေတာကုမ္ပဏီအကြီးအကဲ မာ့ခ်ဇူကာဘတ်၏ မီးခိုးရောင်တီရှပ်များကိုသာ အမြဲဝတ်ဆင်တတ်သည့် ပုံစံများကဲ့သို့ပင် မစ္စတာဟွမ်သည်လည်း သားရေဂျာကင်များကို မိမိ၏ကိုယ်ပိုင်အမှတ်အသား ပုံစံတစ်ခုအဖြစ် ပြုလုပ်ဝတ်ဆင်လေ့ရှိကြောင်း သိရသည်။ **Mon**

## ဗီယက်နမ်မြောက်ပိုင်း လိုင်ချောပြည်နယ်ရှိ တောင်ပေါ်ရွာ၌ လျှပ်တစ်ပြက်ရေကြီး၊ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ရ

**ဟနွိုင်း ဇူလိုင် ၁၉**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လိုင်ချောပြည်နယ်ရှိ တောင်ပေါ်ကျေးရွာတစ်ရွာသို့ လျှပ်တစ်ပြက်ရေကြီးမှု ဝင်ရောက်တိုက်စားခဲ့ပြီးနောက် အနည်းဆုံးလူလေးဦးသေဆုံးကာ အခြားလူလေးဦး ပျောက်ဆုံးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ဒေသအများအပြားတွင် ရက်ပေါင်းများစွာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် သောကြာနေ့အစောပိုင်းက မောင်သန်းကျေးရွာ၌ ဖြစ်ပွားခဲ့သော အဆိုပါရေကြီးမှုကြောင့် လူခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဇူလိုင်လမှစက်တင်ဘာလအထိ အဆိုးရွားဆုံးဖြစ်တတ်သော မိုးရာသီကာလအတွင်း အသက်အန္တရာယ်ဖြစ်စေနိုင်သည့် မုန်တိုင်းများနှင့် ရေကြီးမှုဒဏ်ကို ခံရလေ့ရှိပြီး ယမန်နှစ်က သဘာဝဘေးအန္တရာယ်များ ကြောင့် လူပေါင်း ၄၈၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**



## စပိန်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် အပူချိန်မြင့်တက်၊ လေပိအားကြီးရပ်ဝန်းကြောင့် အပူလှိုင်း ပိုမိုပြင်းထန်လာမည်

**မက်ဒရစ် ဇူလိုင် ၁၉**

စပိန်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထက်သို့ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားပြီး ယခုနွေရာသီ၏ တတိယအကြိမ်မြောက် အပူလှိုင်းသည် ဇူလိုင် ၂၁ ရက်တွင် စတင်ဝင်ရောက်တော့မည်ဖြစ်ကြောင်း သိရသည်။

အာဖရိကမြောက်ပိုင်းမှ ပူပြင်းခြောက်သွေ့သော လေထုကို စပိန်နိုင်ငံအထက်၌ ရက်ပေါင်းများစွာ ပိတ်မိနေစေမည့် စွဲမြဲနေသော လေဖိအားကြီးရပ်ဝန်းတစ်ခုကြောင့် ယခုအပူလှိုင်းသည် ပိုမိုပြင်းထန်လာမည်ဖြစ်ပြီး အပူချိန်များကို ထူးကဲမြင့်မားသော အခြေအနေအထိ ရောက်ရှိစေမည်ဖြစ်ကြောင်း အမျိုးသားမိုးလေဝသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဇူလိုင်၂၃ ရက်အထိ အပူရှိန် ပိုမိုပြင်းထန်လာမည်ဟု မျှော်လင့်ရပြီး ထိုနေ့သည် အပူလှိုင်းဒဏ် အဆိုးရွားဆုံးဖြစ်နိုင်သည့်နေ့ ဖြစ်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။ **Mon**

## မော်လ်ဒိုက်၌ ပထမဆုံး ငါးမန်းသုတေသနစင်တာ ဖွင့်လှစ်

**မာလီ ဇူလိုင် ၁၉**

မော်လ်ဒိုက်နိုင်ငံ ဖူဗာမူလာမြို့၌ နိုင်ငံ၏ ပထမဆုံး ငါးမန်းသုတေသနစင်တာကို ဖွင့်လှစ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာဖြစ်သည့် PSM News က ဇူလိုင် ၁၈ ရက်တွင် ဖော်ပြသည်။



အဆိုပါစင်တာတွင် ငါးမန်းများနှင့်ပတ်သက်သည့်သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဏ္ဏဝါသက်ရှိများဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ သိပ္ပံပညာရှင်များ၊ သဘာဝထိန်းသိမ်းရေး ပညာရှင်များနှင့် ဒေသခံအသိုင်းအဝိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း PSM News က ဖော်ပြသည်။

ထို့ပြင် ဖူဗာမူလာမြို့ကို ကမ္ဘာ့ထိပ်တန်း ငါးမန်းရေငုပ်ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်နိုင်ရေးအတွက် ဒေသခံအာဏာပိုင်များနှင့် ရေငုပ်စင်တာများ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါမြို့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသည့် အာရှ၏ အကြီးဆုံး ရေငုပ်ပြပွဲ၌ အကောင်းဆုံး ငါးမန်းရေငုပ်ခရီးစဉ်ဆုကို ရရှိခဲ့သည်။

မော်လ်ဒိုက်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းငါးမန်းအခြေပြု ရေငုပ်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအနက် တစ်နိုင်ငံအဖြစ် သတ်မှတ်ခံထားရသည်။

**ဆင်ဟွာ**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဂျူလိုင် ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကန်လှကျေးရွာ၌ လုံးပတ် ၁၅ ပေခွဲခန့်၊ အမြင့် ပေ ၄၀ ခန့်ရှိ ကုက္ကိုပင်သည် အမြစ်မခိုင်၍ လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် လယ်ဝေးမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဖဲရိုက်လောင်းကစားသူများအား ဖမ်းဆီးအရေးယူ



**ဘီးလင်း ဂျူလိုင် ၁၉**

မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဖဲရိုက်လောင်းကစားပြုလုပ်သူများအား အမှုဖွင့်အရေးယူထားသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဘီးလင်း-တောင်စွန်းသွားကားလမ်း၊ အနိုင်းပွန်ကျေးရွာလမ်းဆုံအနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ဘီးလင်းမြို့မှ တောင်စွန်းဘက်သို့ သပြေနီကျေးရွာနေ ဦးအောင်မျိုးထက်(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်း၏ဘေး လွယ်အိတ်အတွင်းမှ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်မျိုးထက်ဆိုသူအား ဘီးလင်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ ညနေ ၄ နာရီခွဲတွင် သထုံမြို့နယ်၊ ကျွန်းလေးကျေးရွာနေ ဒေါ်မြနန်းနွယ်(၅၁)နှစ်ဆိုသူ၏ နေအိမ် ဈေးဆိုင်၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားနေကြောင်း သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ် ရှေ့ကွပ်ပျစ်၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် မြနန်းနွယ်အား သထုံမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။ (ဝဲပုံ)

အလားတူ ည ၁၀ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေအိုး(၂)ရပ်ကွက်နေ ဒေါ်သန္တာညွန့်(၃၅)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားနေကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်း၏နေအိမ်အပေါ်ထပ်ရှိ ဘုရားခန်းရှေ့တွင် ဖဲရိုက်လောင်းကစားနေသူ အိမ်ရှင် ဒေါ်သန္တာညွန့်၊ တစ်ရပ်ကွက်တည်းနေ မဇင်ဇင်နွယ်(၂၅)နှစ်၊ ဒေါ်ခွန်မိုး(၃၂)နှစ်၊ မအိအိချော(၂၆)နှစ်၊ ဒေါ်ငြိမ်းငြိမ်းမွန်(၃၀)နှစ်၊ ဒေါ်စန်းစန်းငွေ(၄၄)နှစ်၊ ဦးကိုကိုမောင်(၅၆)နှစ်၊ ဦးဇင်မောင်ထွေး(၃၈)နှစ်နှင့် ကိုမောင်စိုး(၂၉)နှစ်ဆိုသူတို့ ကိုးဦးအား ဖဲရိုက်လောင်းစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန္တာညွန့်ဆိုသူပါ ကိုးဦးအား တောင်တွင်းကြီးမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူ

**မော်လမြိုင် ဂျူလိုင် ၁၉**

မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် နံနက် ၃ နာရီတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မော်လမြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် လှိုင်ရပ်ကွက်၊ အုတ်ဖိုလမ်းအရောက်၌ ငန်းတေးရပ်ကွက်မှ လှိုင်ဈေးလမ်းဘက်သို့ အောက်ကျင်းရပ်ကွက်နေ ဦးမျိုးသန်းထွေး(၃၃)နှစ် မောင်းနှင်လာသည့် YGN-43/3M-----TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မျိုးသန်းထွေးဆိုသူအား မော်လမြိုင် မြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စိန်ကုန်းရပ်ကွက်၊ ကျော်ထက်မီးပွိုင့်အနီး၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာသွားကားလမ်းအတိုင်း အရှေ့မှအနောက်သို့ မုံရွာမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ ဦးချမ်းငြိမ်းထွေး(၃၆)နှစ်ဆိုသူ မောင်းနှင်လာသော MDY-13/RLG---NISSANADAN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ချမ်းငြိမ်းထွေးဆိုသူအား စစ်ကိုင်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ ညနေ ၆ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကလောမြို့မှ မန္တလေးမြို့ဘက်သို့ ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်နေ ဦးဆန်ဟ(၃၂)နှစ်ဆိုသူ ဆိုသူမောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ တစ်မြို့တည်းနေ ကိုရာဇာမင်းဟိန်း(၂၂)နှစ်ဆိုသူ လိုက်ပါလာသော SHN-36/7P---DONGFENG 22 ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဆန်ဟနှင့်ရာဇာမင်းဟိန်းဆိုသူတို့ နှစ်ဦးအား သာစည်မြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး



**နေပြည်တော် ဂျူလိုင် ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် ည ၈ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သံလွင်လမ်းမရှိ ဘဲကုန်းမီးပွိုင့်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပဗ္ဗာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သံလွင်လမ်းမကြီးအတိုင်း ပန်းခင်းမီးပွိုင့်မှ ဘဲကုန်းမီးပွိုင့်ဘက်သို့ နဝဒေးရပ်ကွက်နေ ဦးဟုန်လှိုင်(၄၇)နှစ်ဆိုသူမောင်းနှင်လာသည့် NPW-7 6J------ MAZDA FAMILIA ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့မှ ကျည်တောင်ကန်ရပ်ကွက်နေ ကိုလင်းလက်အောင်(၂၇)နှစ်ဆိုသူ မောင်းနှင်လာသည့် NPW-3 8E---I-ZONE ယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဟုန်လှိုင်နှင့် ကိုလင်းလက်အောင်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ဦးဟုန်လှိုင်ဆိုသူမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## မော်တော်ယာဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးလာသူအား တိုက်မိ

**သာစည် ဂျူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၃၇ မိုင် ၁ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သာစည်မြို့မှ လှိုင်ကော်မြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဦးအောင်စိုးမင်း(၃၃)နှစ်ဆိုသူ မောင်း နှင်လာသည့် 1M----TRACTOR HEAD ဆီဘောက်ဆာ မော်တော်ယာဉ်မှာ အခင်းဖြစ် နေရာအရောက်၌ လမ်းဖြတ်ကူးသူ ရှမ်းပြည်နယ်၊ ရွှေညောင်မြို့နေ ဦးတိုးအောင်(၅၄)နှစ်ဆိုသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးတိုးအောင်တွင် ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ယင်းမာပင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)



(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀






## 2026 Odlum Brown VanOpen တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၆ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၁၉**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Odlum Brown VanOpen တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၆ရက်တွင် စတင်သွား မည်ဖြစ်သည်။

အဆိုပါ 2026 Odlum Brown VanOpen တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၂ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Odlum Brown VanOpen တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 Odlum Brown VanOpen တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဂရိတင်းနစ်မယ် Valentini Grammatikopoulou ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယဆုကို အင်္ဂလန်အသင်း ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၉**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယဆုကို အင်္ဂလန်အသင်းက ဆွတ်ခူးခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲတွင် ပြင်သစ်အသင်းကို ခြောက်ဂိုး၊ လေးဂိုးဖြင့် အနိုင်ရယူပြီး တတိယဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃မိနစ်တွင် ဒီကလန်ရိုက်စ်၊ ပွဲချိန် ၁၈မိနစ်တွင် ကိုနာဆာ၊ ပွဲချိန် ၃၇မိနစ်၊ (၄၅+၁)မိနစ်၊ ၈၇မိနစ်တွင် ဆာကာ၊ ပွဲချိန် (၉၀+၈)မိနစ်တွင် ဘယ်လင်ဟမ်တို့က သွင်းယူပေးခဲ့သည်။

နည်းပြ တူဟယ်လ်က "အခုလို တတိယဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာမိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း အံ့မခန်း ကောင်းမွန်ခဲ့ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## လူးကပ်စ်ဘာ့ဂ်ဗေးလ် စပါးအသင်းတွင် ဆက်ရှိသွားမည်



**လန်ဒန် ဇူလိုင် ၁၉**

ကွင်းလယ်ကစားသမား လူးကပ်စ်ဘာ့ဂ်ဗေးလ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စပါးအသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား လူးကပ်စ်ဘာ့ဂ်ဗေးလ်သည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၈ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူထားသည်။

စပါးအသင်း၏ထုတ်ပြန်ချက်တွင် "လူးကပ်စ်ဘာ့ဂ်ဗေးလ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## အီဒါဆန် အတ္တလန္တာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၁၉**

စီးရီးအေကလပ် အတ္တလန္တာအသင်းသည် အသင်း ကွင်းလယ်ကစားသမား အီဒါဆန်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အတ္တလန္တာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား အီဒါဆန်သည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၈၀ ကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ အီဒါဆန်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(အောက်ပုံ)**

**(NGB)**



## မန်ဇမ်ဘီကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အက်စတွန်ဗီလာအသင်း ခေါ်ယူ




**လန်ဒန် ဇူလိုင် ၁၉**

အက်စတွန်ဗီလာအသင်းသည် ဖရိုင်းဘတ်အသင်းကွင်းလယ်ကစားသမား မန်ဇမ်ဘီကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ၅၉ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ်(၄၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မန်ဇမ်ဘီသည် ဖရိုင်းဘတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၇ပွဲ ကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ပြီး အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်း၏ ထုတ်ပြန်ချက်တွင် "မန်ဇမ်ဘီကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားအသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဆဲလ်တာဗီဂိုအသင်းနှင့် ဘရာဂါအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ

**မက်ဒရစ် ဇူလိုင် ၁၉**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်ကလပ် ဆဲလ်တာဗီဂိုအသင်းနှင့် ပေါ်တူဂီကလပ် ဘရာဂါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဆဲလ်တာဗီဂိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၂မိနစ်တွင် ဝွန်ဇာလက်ဇ်၊ ပွဲချိန် (၉၀+၂)မိနစ်တွင် ဒိုမင်ဂွက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့ပြီး ဘရာဂါအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် (၄၅+၃)မိနစ်တွင် ကာဗယ်ဟို၊ ပွဲချိန် ၆၆မိနစ်တွင် နိုရိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ဆဲလ်တာဗီဂိုအသင်းသည် လာမည့် ဩဂုတ် ၆ ရက်တွင် ဆက်ဆူအိုလိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## ဖိုလာရင်ဘာလိုဂန်ကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်



**တူရင် ဇူလိုင် ၁၉**

စီးရီးအေ ထိပ်သီးကလပ် ဂျူဗင်တပ်အသင်းသည် မိုနာကိုအသင်းတိုက်စစ်မှူး ဖိုလာရင်ဘာလိုဂန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး ၃၁ဂိုး သွင်းယူထားပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အမေရိကန်အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း ဖိုလာရင်ဘာလိုဂန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မိုနာကိုအသင်းမှ ဖိုလာရင်ဘာလိုဂန်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ကယ်လီဂါဂိုကို ဝက်စ်ဟမ်းအမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၉**

လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ဝက်စ်ဟမ်းအမျိုးသမီးအသင်းသည် အဲဗာတန်အမျိုးသမီးအသင်းတိုက်စစ်မှူး ကယ်လီဂါဂိုကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝက်စ်ဟမ်းအမျိုးသမီးအသင်းနှင့်အတူ သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

တိုက်စစ်မှူး ကယ်လီဂါဂိုသည် အဲဗာတန်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၄မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအမျိုးသမီးအသင်းသည် လက်ရှိဈေးကွက်အတွင်း ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။



**(အပေါ်ပုံ) (NGB)**

# (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် လေးဘာသာဂုဏ်ထူးရှင်အား ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက SWEET Family အိမ်ခြံမြေရောင်းဝယ်ရေး မိသားစု၏ (၁၁) ကြိမ်မြောက် ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ထူးချွန်ကျောင်းသားအား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းခြင်း ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် မန္တလေးမြို့၊ မဟာဝေယံဘုံစံကျောင်းတိုက်၏ ကျောင်းဒါယကာ၊ ကျောင်းဒါယကာမကြီးတို့၏ မြေးများဖြစ်ကြသော ပြင်ဦးလွင်မြို့နေ ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာ ဦးဝင်းနိုင်၊ ဘုရားကျောင်း၊ ရဟန်းဒါယိကာမ ဒေါ်တင်တင်လှိုင် (SWEET Family အိမ်ခြံမြေရောင်းဝယ်ရေး) မိသားစုနှင့် သားများဖြစ်ကြသည့် မောင်အောင်ခန့်ပိုင်၊ မောင်ဟိန်းထက်တို့က မိုးကောင်းအလယ်ရွှေကျောင်းနှင့် မဟာဝေယံဘုံစံကျောင်းတို့တွင် ဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင်ရဟန်းသာမဏေ၊ သံဃာတော် စုစုပေါင်း ၇၂ ပါးတို့အား ဝါဆိုသင်္ကန်းနှင့်တကွ နဝကမ္မ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် အလှူရှင်မိသားစုသည် ပညာရေးကဏ္ဍမြှင့်တင်မှုကို အားပေးကူညီသည့်အနေဖြင့် ၂၀၂၅-၂၀၂၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော်လည်း ရှေ့ဆက်ပညာသင်ကြားရန် အခက်အခဲရှိနေသည့် ကျောင်းသား မောင်ဖြိုးသက်ဇင်အတွက် တက္ကသိုလ်ကျောင်းပြီးဆုံးသည်အထိ တစ်နှစ်လျှင် ငွေကျပ်သိန်းခြောက်ဆယ်နှုန်းဖြင့် ပညာသင်စရိတ်များကို ကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ယနေ့တွင်လည်း အဆိုပါ ထူးချွန်ကျောင်းသားအတွက် ငွေကျပ် ၁၆ သိန်းကို ကနဦး ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ဆရာတော်ကြီးများထံမှ တရားတော်နာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀-၀-၀-၀



# ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း (ရွှေဘုံသာ)၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ သွားတိုက်နည်း အကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းပေးမှု အကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ပင်းတယ ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မအားကစားကွင်း၌ ၂၀၂၆ခုနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းအမျိုးသားဘောလုံးအားကစားပြိုင်ပွဲကို ဇူလိုင်လလယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

၂၀၂၆ ဓနုဒေသဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ မွန်းလွဲ ၂ နာရီတွင် အုပ်စု(ခ)ပထမ ပွဲစဉ်အဖြစ် မြို့မဇုန်(ပင်းတယ)ဘောလုံးအသင်းနှင့် ညောင်ကောက်ဇုန်(ပင်းတယ)ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၌ အုပ်စု (က) မြိုင်ဇုန်(ရွာငံ)၊ ရွှေပုထိုးဇုန်(ပင်းတယ)၊ မြို့မဇုန်(ရွာငံ)၊ မိုင်းလီဇုန်(ပင်းတယ)၊ အုပ်စု(ခ)မြို့မဇုန်(ပင်းတယ)၊ ညောင်ကောက်ဇုန်(ပင်းတယ)၊ ရေဦး(က)ဇုန်(ရွာငံ)၊ တောင်ပေါ်ကြီးဇုန်(ပင်းတယ)၊ အုပ်စု(ဂ)ရေဦး(ခ)ဇုန်(ရွာငံ)၊ မြင်းကျဒိုးဇုန်(ရွာငံ)၊ ပွေးလှဇုန်(ပင်းတယ)၊ မြို့ကြီးဇုန်(ရွာငံ)၊ အုပ်စု(ဃ)ရေချမ်းစင်ဇုန်(ပင်းတယ)၊ ယကြီးဇုန်(ရွာငံ)၊ ကျုံးဇုန်(ပင်းတယ)၊ မြင်းကျဒိုး(က)ဇုန်(ရွာငံ)စသည့် ပင်းတယနှင့် ရွာငံမြို့နယ်မှ မြို့မဇုန်နှင့် ကျေးရွာအုပ်စုဇုန်(၁၆)ဇုန်ပါဝင်သော ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

(၃၃၈)

၀-၀-၀-၀-၀-၀-၀



# ပျက်စီးနေသည့် စက်ရေတွင်းအား ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ပြန်လည်ပြုပြင်

**ငါ့သရောက် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ ကန်အိုကြီးတဲတိုက်တွင် ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ ပျက်စီးသွားသဖြင့် သောက်သုံးရေ အခက်ကြုံနေရကြောင်းသိရ၍ ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က အဆိုပါ ပျက်စီးနေသည့် စက်ရေတွင်းအား သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ ကန်အိုကြီးတဲတိုက်တွင် အိမ်ခြေ ၇၀၊ လူဦးရေ ၅၅၀ ခန့် နေထိုင်လျက်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် လုပ်ကိုင်ကြသည်။ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအတွက် မိမိတို့ တဲတိုက်ရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ကြကြောင်း၊ ယခုအခါ စက်ရေတွင်းမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ သံချေးများတက်ကာ ပိုက်များပေါက်ခြင်း၊ ရေမော်တာပန့် ချို့ယွင်းပျက်စီးခြင်းများ ဖြစ်ပွားကာ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေရသည်။

ရန်ကုန်မြို့၊ ဝေမျှခြင်း ပရဟိတအဖွဲ့က ပျက်စီးသည့် စက်ရေတွင်းအား ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ရေပိုက်များနှင့် ၇ ဒသမ ၅ HP ရေမော်တာပန့်တို့ကို အသစ်လဲလှယ်တပ်ဆင်၍ ပြုပြင်ဆောင်ရွက်ပေးခဲ့ရာ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း အဆိုပါ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့အနေဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများ၊ တဲတိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာစာသင်ကျောင်းများကို သောက်သုံးရေဖူလုံစေရန်အတွက် ညောင်ဦးမြို့နယ် အေးမေတ္တာပရဟိတ ရေလှူအဖွဲ့(တောင်ဇင်း)နှင့် ပူးပေါင်း၍ ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခြင်း၊ ယခုကဲ့သို့ ကျေးလက်ဒေသများ၌ ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းများကိုလည်း သောက်သုံးရေ အဆင်ပြေစေရန်အတွက် ပြုပြင်လှူဒါန်းပေးခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀

# မဟာအောင်မြေမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရန် သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက် သင်္ဂဇာပန်းခြံအတွင်း သန့်ရှင်းသာယာလှပစေရန် ယမန်နေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက်တွင် သင်္ဂဇာပန်းခြံအတွင်း သန့်ရှင်းသာယာလှပစေရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ လုပ်သားများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ သံလျက်မော်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ကာ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် အမှိုက်များ ဆယ်ယူခြင်း၊ ပိတ်ဆို့နေသော မြောင်းစာများ ဆယ်ယူခြင်း၊ ကွန်ကရစ်ရေမြောင်းဖုံးများ ပြုပြင်ခြင်းများအပြင် အများပြည်သူများ အပန်းဖြေအနားယူနိုင်စေရန် မြက်ပင်များ၊ ချုံနွယ်များ၊ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၅၆)



ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့
အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို
မြှင့်တင်ပါ။

## ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကျင်းပ ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်




**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်မန္တလေးတက္ကသိုလ် ကြက်ခြေနီ အသင်းခွဲတို့ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းအခြေခံ သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ ရက်က မန္တလေးတက္ကသိုလ် အင်း၀ (၉)ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တက္ကသိုလ်ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ မန္တလေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့များမှ ရှေးဦးပြုစုခြင်း နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်မာရီနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်တို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး မန္တလေးတက္ကသိုလ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌပါမောက္ခ၊ ဌာနမှူးဒေါက်တာ ကျော်မိုးမင်းက ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းလက်မှတ်များကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက မန္တလေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ပါမောက္ခ၊ ဌာနမှူးဒေါက်တာ ကျော်မိုးမင်းထံ လွှဲပြောင်းပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ မန္တလေး တက္ကသိုလ်ဒုတိယပါမောက္ခချုပ်များက သင်တန်းထူးချွန်ဆုများကိုလည်းကောင်း၊ ရှေးဦးပြုစုခြင်း နည်းပြဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၀၄၅)**

## GAP စနစ်ဖြင့် မိုးနှမ်း၊ မိုးမြေပဲ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေးပွဲ ကျင်းပ



**မကွေး ဇူလိုင် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ဖြင့် မိုးနှမ်း၊ မိုး မြေပဲ စိုက်ပျိုးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော သီးနှံများထုတ်လုပ်နိုင်ရန်အတွက် GAP စနစ်သည် အလွန်အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) အပါအဝင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ အားလုံး ဟန်ချက်ညီညီပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် နည်းပညာနှင့် သွင်းအားစုများကို စနစ်တကျပံ့ပိုးကူညီပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက GAP စနစ်ဖြင့် မိုးနှမ်းစိုက်ပျိုးဆောင်ရွက်ရခြင်းနှင့် GAP မိုးမြေပဲစိုက်ပျိုးထုတ်လုပ်မှုအခြေအနေလိုအပ်ချက်များအပေါ် မှာကြားခဲ့ပြီး မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများကိုယ်စား အရောင်းအဝယ်ပြုလုပ်မှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများအပြင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူကိုယ်စားလှယ်တစ်ဦးက GAP စနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့်ရရှိလာသည့် အကျိုးကျေးဇူးများ၊ မိမိတို့လက်တွေ့စိုက်ပျိုးရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် သီးနှံအရည်အသွေးကောင်းမွန်သဖြင့် ဈေးကွက်ရရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ညစာစောစောစားခြင်းနှင့်နှလုံးကျန်းမာရေးအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ




**တောင်တွင်းကြီး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ညစာစောစောစားခြင်းနှင့် နှလုံးကျန်းမာရေးအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေး ဆွေးနွေးပွဲ (TalkShow)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က နှလုံးသွေးကြောဆိုင်ရာ ရောဂါများသည် ကမ္ဘာပေါ်တွင် သေဆုံးမှုနှင့် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးဖြစ်စေသော အဓိကအကြောင်းအရင်းဖြစ်ပါကြောင်း၊ အစားအသောက်သည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများအတွက် အဓိက အန္တရာယ်တစ်ခုဖြစ်ပြီး နှစ်စဉ် နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ပတ်သက်သော သေဆုံးမှုမှာ ၇ ဒသမ ၉၄ သန်းနီးပါးရှိကြောင်း၊ ခေတ်မီလူနေမှုပုံစံအရအချိန်မရှိခြင်းနှင့် ဆက်စပ်ပြီး နံနက်စာမစားခြင်းနှင့် ညဉ့်နက်မှ စားသောက်ခြင်းကဲ့သို့ အချိန်မကုန်သော အာဟာရဆိုင်ရာ အပြုအမူများနှင့် လွဲမှားသော စားသောက်မှုအမူအကျင့်များဖြစ်နိုင်ကြောင်း ဆွေးနွေးပြောကြားပြီး ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်မိုင်စန်းသီတာငွေးက အစာစားသုံးခြင်းနှင့် ဇီဝနာရီအကြောင်း၊ အစာစားသုံးချိန်နှင့် နှလုံးသွေးကြောကျန်းမာရေး၊ ညစာစောစောစားခြင်း၏ အကျိုးကျေးဇူးများ၊ ထမင်းစောစောစားသော အလေ့အကျင့်အတွက် လက်တွေ့ကျသည့် အကြံပြုချက်များစသည့် အကြောင်းအရာများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ညစာစောစောစားခြင်းနှင့် နှလုံးကျန်းမာရေး အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**



## ကြက်ဥဈေးနှုန်းတည်ငြိမ်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၁၉**

ကြက်ဥဈေးနှုန်းတည်ငြိမ်ရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို သုံးသပ်ညှိနှိုင်းပြီး စားသုံးသူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေး အစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

လက်ရှိတွင် ကာကွယ်ဆေးနှင့် အစာကုန်ကြမ်းသွင်းအားစုများ လိုအပ်မှုကြောင့် မွေးမြူရေးထုတ်ကုန်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာခြင်း၊ ယခင်နှစ်များအတွင်း ဥစားကြက်ပေါက်ထုတ်လုပ်မှုနှင့် ဝယ်လိုအားမညီမျှခဲ့ခြင်းတို့အပြင် ပြီးခဲ့သည့်လအနည်းငယ်အတွင်း ရောဂါကျရောက်ဖြစ်ပွားမှုများကြောင့် ကြက်ဥထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့သည်။

ထို့အပြင် ကြက်ဥထုတ်လုပ်ဖြန့်ဖြူးမှု လျော့ကျလာမှုကြောင့် ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လာသည့် အခြေအနေများကို သုံးသပ်ခဲ့ပြီး ဥစားကြက်မွေးမြူသူများနှင့် ကြက်ဥဖြန့်ဖြူးရောင်းချသူများ ရေရှည်တည်တံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကိုလည်း ညှိနှိုင်းခဲ့သည်။

ကြက်ဥဈေးနှုန်း ဆက်လက်မြင့်တက်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ အစုအဖွဲ့များက ကြက်ဥဖြန့်ဖြူးရောင်းချသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အများပြည်သူအတွက် ကြက်ဥကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ထုတ်ကုန်များ တည်ငြိမ်စွာထုတ်လုပ်နိုင်ရေးအတွက် ကုန်စည်ကွင်းဆက်တစ်လျှောက် ဖြစ်ပေါ်နေသည့် အခက်အခဲများကို သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းကာ လိုအပ်သည့် အစီရင်ခံတင်ပြမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြက်မွေးမြူရေးကဏ္ဍ၏ အခြေအနေများကို ဆက်လက်သုံးသပ်နိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းများနှင့် မကြာမီ ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**


### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ဖြတ် မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့မြို့တော် ဖော်ဆောင်မယ်ဆိုရင်

**ခင်မြန်မာ**

**(၁၉-၇-၂၀၂၆)ရက် စာမျက်နှာ (၁၄)မှအဆက်**

**စနစ်ကောင်းမှ မြို့ပြဖွံ့ဖြိုးတိုးတက်မယ်**

မြို့ပြသယ်ယူပို့ဆောင်ရေး Urban Transport နဲ့ပတ်သက်လို့ ထိုင်ပေမြို့မှာ လေ့လာခဲ့ရတာတော့ Man Rapid Transit (MRT) လို့ခေါ်တဲ့လူ ၁၀၀၀ မှ ၂၀၀၀ ခန့်ထိ သယ်ယူပို့ဆောင်ပေးတဲ့ရထားတွေ၊ Light Rail Train(LRT) လို့ခေါ်တဲ့ လူ ၂၅၀ ခန့် သယ်ယူပို့ဆောင်ပေးနေတဲ့ မြို့တွင်း၊ မြို့ပြင် ဆက်သွယ်ပေးနေတဲ့ ရထားတွေပြေးဆွဲနေတာကို တွေ့ရှိခဲ့ရသလို လူအများစုဟာလည်း ဒီ MRT, LRT တွေကို အသုံးပြုကြတာကို တွေ့ရှိခဲ့ရပါတယ်။

(TOD)Transit Oriented Development ကို အသုံးပြုပြီး Urban Mobility ကို သေချာစဉ်းစား ရေးဆွဲထားတာကို လေ့လာခဲ့ရပါတယ်။ ထိုင်ဝမ်တွင် ၁၉၉၇ ခုနှစ်တွင် TOD ၌ 3D ကိုသာ စဉ်းစားထားပါတယ်။ 3D ဆိုသည်မှာ မြေနှင့်ဆိုင်သော Density ၊ သွားလာရေးနှင့်ဆိုင်သော Diversity ၊ ဒီဇိုင်း Design တို့အပေါ်မှာ အခြေခံရေးဆွဲခဲ့ပေမယ့် ၂၀၀၈ ခုနှစ်မှာ 5D ကို အသုံးပြုလာကြပါတယ်။ ထပ်တိုးလာတာကတော့ (Distance to Transit and Destination Accenability) ကူးပြောင်းဖြတ်သန်းသွားလာရမယ့် ခရီးအကွာအဝေးနှင့် ခရီးဆုံးပန်းတိုင်သို့ ချဉ်းကပ်မှုပဲ ဖြစ်ပါသည်။ Transit Oriented Development ဧရိယာ ဧက ၅၀ မှ ၁၀၀ အတွင်းရှိတဲ့ အဝန်းအဝိုင်းအတွင်းမှာ လူနေအိမ်တွေ၊ ဈေးဝယ်စင်တာတွေ၊ ရုံးတွေ၊ ပန်းခြံတွေ အစရှိသဖြင့် ရောနှောအသုံးပြုခြင်းအားဖြင့် လူတွေကို ပိုမိုဆွဲဆောင်နိုင်စေပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဦးစားပေးမယ့်နေရာကို ရွေးချယ်ဆောင်ရွက်လေ့ရှိပါတယ်။ Sustainable Growth ရေရှည်ထိန်းထားနိုင်တဲ့ တိုးတက်ကြီးထွားလာမှုကိုတော့ သုတေသနလုပ်ပြီးမှ ဒီဇိုင်းရေးဆွဲမှုသာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှုတွေရှိပေမယ့် ရေရှည်ထိန်းထားနိုင်တဲ့ ကြီးထွားလာမှုတွေ ဖြစ်မလာနိုင်ပါဘူး။ ကိုယ်တွေ့မျက်မြင်ကို အခြေခံပြီးမှ ရေးဆွဲတဲ့ ဒီဇိုင်းတွေကသာ ရေရှည်ထိန်းထားနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ကြောင်း ထိုင်ဝမ်ရဲ့ အတွေ့အကြုံတွေကို တွေ့ရှိခဲ့ရပါတယ်။ MRT ဘူတာရုံတွေမှာလည်း ရထားလက်မှတ်ဖြင့်ပင် စက်ဘီးများ ငှားယူသုံးစွဲနိုင်တဲ့ Park and Ride တွေ စီစဉ်ထားသလို ဒီစနစ်ကို စသုံးချိန်မှာတော့ ဆွဲဆောင်မှုတစ်ခုအနေဖြင့် အခမဲ့စက်ဘီးများ ငှားယူသုံးစွဲနိုင်ခဲ့ပြီး ယခုအောင်မြင်လာပြီဖြစ်တဲ့အတွက် ငှားရမ်းချိန် အသုံးပြုမှုအလိုက် စက်ဘီးငှားခပေးရတာကို ကိုယ်တိုင်စက်ဘီးငှားရမ်းသုံးစွဲခြင်းဖြင့် သိရှိခဲ့ရပါတယ်။ TOD ကိုတော့ Mega City ကြီးမားတဲ့ မြို့တော်တွေမှာအသုံးပြုပါတယ်။

လက်ရှိခေတ်မမီတော့တဲ့ မြို့ဧရိယာတွေကို Renewal လို့ခေါ်တဲ့ အသစ်ဖြစ်အောင်ပြုလုပ်သလို Regeneration လို့ခေါ်တဲ့ ပြန်လည်ပြုပြင်အားဖြည့်ခြင်းများ ဆောင်ရွက်ကြတဲ့အခါမှာလည်း Public Consultation ပြည်သူနဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိခဲ့ရပါတယ်။ တကယ်တော့ ယခုအချိန်က အောင်မြင်ပြီးအချိန်မှာ မြင်တွေ့နေရလို့ပါ။ သူတို့လည်း အချိန်ယူပြီးဆောင်ရွက်ခဲ့ရတဲ့ စိန်ခေါ်မှုတွေလည်း ရင်ဆိုင်ခဲ့ရတယ်။ ရိုက်နှက်တဲ့အထိ ရန်ပွဲတွေကြုံခဲ့ရတယ်လို့ မြန်မာနိုင်ငံသားမှ ထိုင်ဝမ်နိုင်ငံသို့ ပြောင်းလဲနေထိုင်ခဲ့သူ တစ်ဦးထံမှလည်း သိရှိခဲ့ရပါတယ်။

ဒါပေမဲ့ သူပြောလို့သိရတာက ထိုင်ဝမ်က လူညီတယ်တဲ့။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုံးတမ်းစဉ်လာ ဓလေ့စရိုက်တွေနဲ့ မကွာလှတဲ့ ထိုင်ဝမ်နိုင်ငံရဲ့ သင်ခန်းစာ၊ အတွေ့အကြုံတွေဟာ တကယ်တော့ စံနမူနာယူအားကျစရာပါပဲ။ လူတွေကိုယ်တိုင်က ဖြစ်ချင်တဲ့စိတ်ဆန္ဒတွေရှိနေကြပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လို့ ဒီလိုမျိုးတိုးတက်လာရတာပါလို့ ပြောကြပါတယ်။ သူတို့လည်း လွန်ခဲ့တဲ့ အနှစ် ၃၀ က မြန်မာနိုင်ငံအတိုင်းပါပဲတဲ့။ ပရိသတ်ပဲရှိတဲ့ ကွင်းထဲမှာ ဘောလုံးကန်မယ့်သူမရှိရင် ပွဲကြည့်ပရိသတ်ဆိုတာ မရှိနိုင်တဲ့အတွက် လူအားလုံးပူးပေါင်းပြီး ကျွန်မတို့လူတိုင်း ကူညီကြဖို့လိုပါတယ်။ ထိုင်ဝမ်မှာ စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုစနစ်နဲ့ပတ်သက်ပြီး အတုယူစရာကောင်းတဲ့ လုပ်ဆောင်ချက်တွေ လေ့လာခဲ့ရပါတယ်။ ထိုင်ပေမြို့ Seven Eleven ကုန်စုံဆိုင်မှာ Plastic အိတ်ပေးမလားဆိုပြီး ရပ်စောင့်ဖူးပါတယ်။ ပလတ်စတစ်အိတ်လိုချင်ရင် ပိုက်ဆံထပ်ပေးရလို့ အံ့အားသင့်မိပါတယ်။ ပလတ်စတစ်အိတ်တစ်အိတ်ကို ထိုင်ဝမ် ငါးဒေါ်လာဆိုတော့ ဈေးဝယ်သွားရင် ကိုယ့်အိတ်ကိုယ် သုံးရတာပေါ့။ မြန်မာပြည်မှာကတော့ ပလတ်စတစ်အိတ်စနစ်ကို ဖောဖောသီသီပေးနေတဲ့စနစ် ကျင့်သုံးနေကြတာပါ။ မန္တလေးမြို့မှာ ကြွပ်ကြွပ်အိတ် ကင်းစင်ရေးဆိုပြီး စီမံချက်ချပြီး ပလတ်စတစ် အမှိုက်ကင်းစင်ရေး အကောင်အထည်ဖော်ဖူးပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာမဟုတ်တဲ့အတွက် ကြွပ်ကြွပ်အိတ်တွေက တခြားမြို့များမှ ရောက်ရှိလာတဲ့အတွက် ရေရှည်မအောင်မြင်ခဲ့ရတာကို ကိုယ်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။

ထိုင်ဝမ်ရဲ့ ရေရှည်ထိန်းထားနိုင်တဲ့ အမှိုက်စီမံခန့်ခွဲမှုဟာ တကယ့်စနစ်ကောင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ အမှိုက်ပစ်ရင် သုံးတဲ့အိတ်တွေရောင်းပေးတယ်။ အမှိုက်ကိုလည်း သုံးတဲ့အိတ်အလိုက် အကုန်ကျခံရတာ (Per Bag Trash Fee) တော့ အမှိုက်ကိုလည်း လူတွေက နည်းနိုင်သမျှနည်းသုံးကြကြောင်း သိရှိခဲ့ရပါတယ်။ ဒါဟာ အတုယူသင့်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုစနစ်နဲ့ပတ်သက်ပြီး ထိုင်ဝမ်သမိုင်းကြောင်းကို လေ့လာသိရှိခဲ့ရပါတယ်။ ၁၉၈၄-၁၉၈၈ ခုနှစ်အတွင်း ထိုင်ဝမ်မှာ Landfill (မြေနေရာတစ်ခုတွင် အမှိုက်များစုပုံခြင်း) တစ်ခုတည်းသာ အသုံးပြုခဲ့ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံအခြေအနေနဲ့ တူပါတယ်။ ဘေးအန္တရာယ်အနေဖြင့် အမှိုက်ပုံမီးလောင်တာ တော်တော်နဲ့ ငြိမ်းမရခဲ့ပါ။ စွန့်ပစ်ပစ္စည်း များပြားလာသဖြင့် မြေ၊ လေ၊ ရေ ညစ်ညမ်းမှုများဖြစ်ခဲ့ပါတယ်။ ထို့ကြောင့် ထိုင်ဝမ်တွင် ၁၉၈၈ နောက်ပိုင်း EPR(Extended Producer Responsibility) အစီအစဉ် ကျင့်သုံးလာပါတယ်။ EPR ဆိုသည်မှာ ထုတ်လုပ်သူ၊ သွင်းကုန်သည်တိုင်းကို Recycle လုပ်ဖို့အတွက် ရန်ပုံငွေကောက်ခံခြင်း ဖြစ်ပါတယ်။ စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်သည့်အတွက် ရန်ပုံငွေ အမြောက်အမြားရပါတယ်။ ထိုရန်ပုံငွေကို Recycling အတွက်သာမက Incineration လို့ခေါ်သည့် Waste to Energy (မီးရှို့ပြီး အမှိုက်စွမ်းအင်အဖြစ်သို့ ပြောင်းလဲခြင်း)၊ Com-posting (စားကြွင်းစားကျန်များကို မြေသြဇာအဖြစ် ပြောင်းလဲခြင်း)တို့အတွက် အသုံးပြုခဲ့ပါတယ်။

"Four in One" အစီအစဉ်အောင်မြင်ရတဲ့ အဓိကအချက်ကတော့ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စက်ရုံများအနေဖြင့် သဘာဝအရင်းအမြစ်ကို ထုတ်ယူသုံးစွဲမှုလျှော့ချနိုင်သော နည်းပညာများကို မြှင့်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံခြင်းများ၊ နည်းပညာဌာနတွေအနေဖြင့် သုတေသနများ လုပ်ဆောင်ပြီး စီးပွားရေးတွက်ခြေကိုက်အောင် ရှာဖွေဖန်တီးဖို့ ဆောင်ရွက်ပေးခြင်း၊ ပညာရေးပိုင်းအနေဖြင့်လည်း လူထုကို နည်းပညာများ Circular Economy (အယူအဆများကို အားပေးအားမြှောက် သင်ကြားပေးခြင်း၊ အစိုးရအနေဖြင့်လည်း Circular Economy အတွက် မူဝါဒတွေ ပြဋ္ဌာန်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တွင်ကျယ်လာအောင် အချက်အလက်များမျှဝေပေးခြင်း၊ မက်လုံးပေးခြင်းများ၊ Recycle လုပ်ငန်းရှင်များအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ကင်းလွတ်ခွင့်များ ဆောင်ရွက်ပေးခြင်းများ ပူးပေါင်းလုပ်ဆောင် အကောင်အထည်ဖော်ခဲ့ကြောင်း လေ့လာမှတ်သားရပါတယ်။

၁၉၈၀ ပြည့်နှစ်မှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေးကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှာ အမှိုက်လျှော့ချရေး၊ ၂၀၀၀ ပြည့်နှစ်တွင် အဆိပ်အတောက်ပစ္စည်းများလျှော့ချခြင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကာဗွန်လျှော့ချခြင်းများကို စီမံချက်ချဆောင်ရွက်ခဲ့ကြတာကို ကြည့်ခြင်းအားဖြင့် (၁၀)စုနှစ်တစ်စုလျှင် တစ်ဆင့်ချင်း Strategy နည်းဗျူဟာချ၍ တိုးတက်ဆောင်ရွက်သွားတာကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာတော့ အမှိုက်နဲ့ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အတွက် ထိုင်ဝမ်လို နည်းဗျူဟာတွေချပြီး ဆောင်ရွက်သင့်ပါတယ်။

ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့တော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခေတ်မီတဲ့ နည်းပညာတွေကို လေ့လာရပါမယ်။ ကိုယ့်ရှေ့က လျှောက်လမ်းခဲ့ကြသူတွေကို နမူနာသင်ခန်းစာယူရပါမယ်။ ပညာရှင်တွေရဲ့ အကြံပြုချက်တွေကို အလေးအနက်ထားပြီး ဖော်ဆောင်ကြရပါတယ်။ နည်းစနစ်ကျကျ မှန်မှန်ကန်ကန် လုပ်ဆောင်ကြရင် မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

# ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဝါးရုံကျေးရွာအုပ်စု၊ ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဝါးရုံကျေးရွာ၌ အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၄ ပေ သုံးလက်မ၊ အမြင့် မြေသား နှစ်ပေ ဂျင်းကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေ Slab Culvert နှစ်စင်း၊ အရှည် ၃၅ ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၀ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်းကို တိမ်ယံမြင့်မိုရ်ကုမ္ပဏီမှ ပစ္စည်းတင်ဒါအောင်မြင်ငွေကျပ် ၁၄၄ ဒသမ ၇၈၇ သန်း၊ ဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းကုန်ကျငွေကျပ် ၁၀၀ ဒသမ ၁၁ သန်း၊ စုစုပေါင်းကုန် ကျငွေကျပ် ၂၄၄ ဒသမ ၈၉၇ သန်းဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ပထမပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၅၇ အိမ်၊ လူဦးရေ ၂၃၉၅ ဦးကို အကျိုးပြုမည်ဖြစ်ပြီး လယ်၊ ယာဧက ၄၀၀ ၏ သီးနှံထွက်ကုန်များ ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) နော်လူး**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**မိုင်းခတ် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းနေအရွယ် ကလေးများ စာဖတ်ခြင်းဖြင့် အသိဉာဏ်ဗဟုသုတများ တိုးပွားကာ အမှား၊ အမှန်ခွဲခြား ဆုံးဖြတ်နိုင်ရေးရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက မိုင်းခတ်မြို့ လူထုအခြေပြုဗဟိုဌာန(Comm -unity Centre)ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က ကလေးအလုပ်သမားပပျောက်ရေး အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအကြောင်း ပြောကြားပြီး စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွန့်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ချောက်မြို့၌ လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**ချောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာဟောပြောပွဲကို ယမန်နေ့ နံနက်၁၀နာရီက အ.မ.က(၈၀) မူလွန်ရွှေသူဌေးကုန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် အ.မ.က(၈၀) မူလွန်ရွှေသူဌေးကုန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးအတွက် ပြင်ပစာအုပ်၊ စာပေများ လေ့လာဖတ်မှတ်ရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူငယ်များအနေဖြင့် မိမိဘဝအောင်မြင်ရေးအတွက် စာအုပ်၊ စာပေကို အမြဲမပြတ် ဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာနှင့် စဉ်းစားတွေးခေါ်ဉာဏ်များ တိုးတက်လာခြင်းအကြောင်းများ၊ ကျွမ်းကျင်(၃)ရပ်သံ(ပြ) ဒေါ်အေးအေးမူက လူငယ်များ စာရိတ္တမြင့်မားရန်အတွက် မိဘ၊ ဆရာများ၏ ထိန်းကျောင်းသွန်သင်မှုအပြင် ပတ်ဝန်းကျင်၏ ဝိုင်းဝန်းပြုစုပျိုးထောင်ပေးမှုလည်း လိုအပ်ကြောင်း ငယ်စဉ်ကျောင်းနေအရွယ် ကလေးသူငယ်ဘဝကတည်းက စာရိတ္တကောင်းမွန်အောင် အခြေခံတည်ဆောက်ပေးကြရမည်ဖြစ်ကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**





## သပိတ်ကျင်းမြို့နယ်တွင် မြို့သန့်ရှင်းရေး စဉ်ဆက်မပြတ် ဆောင်ရွက်

**သပိတ်ကျင်း ဇူလိုင် ၁၉**

သပိတ်ကျင်းမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက မြို့ဝင်ပန်းခြံမှ ပြည်သူ့ဆေးရုံတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

သပိတ်ကျင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကဘဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့ဝင်ပန်းခြံမှ ပြည်သူ့ဆေးရုံတစ်လျှောက်ရှိ အပင်ကြီးများ၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊အမှိုက်သရိုက်များနှင့် သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းခဲ့ကြသည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ခဲ့ပြီး စုစုပေါင်း အင်အား ၂၀၀ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြို့သစ် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာဗဟုသုတ ရရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုတီးကုန်းကျေးရွာအုပ်စု ပုတီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲတွင် အ.လ.က(ခွဲ) ပုတီးကုန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား စားသုံးရန်မသင့်သည့် စားသောက်ကုန်များနှင့် ကျန်းမာရေးဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး ကလေးအလုပ်သမားပပျောက်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ယာပုံ)

**ဝင်းအိဖွန်(ပြန်/ဆက်)**

* – * – * – *

* – * – * – * – * – *




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပြည်ချစ်စိတ်ထား

* မြန်ပြည်တစ်လွှား
အလေးထားဖွယ်
ဒို့များချစ်ကြည်
ပြည်သစ်တည်ဖို့
ခေတ်မီစိတ်ထား
ပွားစို့လားကွယ်
ဖွံ့ထွားဉာဏ်စွမ်း
ရှိဖို့မှန်းရွယ်။

* အနာဂတ်မြန်ပြည်
လင်းလက်ကြည်မည်
ဖွဲ့ချည်လူသား
စိတ်ထားကောင်းလျက်
ပေါင်းယှက်ပညာ
စွမ်းဆောင်ရာတွင်
ထင်ရာမစိုင်း
မြင်တိုင်းမတု
ပြုမူသေချာ
ကျိုးရှိကာမှ
ဖော်ကာသုံးစွဲ
ရှေးဆိုမြဲတိုင်း
မဆိုင်းမတွ
ရှုမြင်ကြသား
ကျနသိပ်သည်း
ရွှေ့ရွှေ့ဆည်းလျက်
ဖြည်းဆည်းသိပွ
လူ့ကိစ္စဝယ်
ဝင့်ထည်နိုင်စွမ်း
တစ်ခေတ်ဆန်းမည်
ရှုစမ်းဆွေမော်
ကမ္ဘာသော်မှ
ဟစ်အော်ကြွေးကြော်
ဆော်ဩလိုက်ချင်ပါဘိ
ချစ်ခင်မျိုးရင်း
အိုသားချင်းတို့ -----။ ။

သောင်းမြင့်ဇော်(သုံးဆယ်မြေ)မန္တလေး



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(၈/၂၄၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်စန္ဒာမိုး အမည်ဖြင့် ဂရန်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ အရှေ့ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ် (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူများဖြစ်သည့် ဦးအောင်ပြည်စိုး(ဘ) ဦးခင်အောင်သန်း(၉/မနမ(နိုင်)၀၆၆၂၇၈)(ပါ-၂)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၃၄)၊ ဦးပိုင်နံပါတ် (၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်းမြင့်နှင့် ဦးအောင်မင်း(ဘ)ဦးလှထွန်း(၉/မရတ(နိုင်)၀၂၂၇၈၅) အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ မြောက်ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ် (မီးမီတာ အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာ ဝန်ခံကတိပြုသူဖြစ်သည့် ဦးကျော်သူ(ဘ)ဦးကျော်ထွန်း(ခ)ဦးပဗ္ဗမာလား(လ်)(၅/တမန(နိုင်)၀၆၆၀၄၀) ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ–၂၉)၊ ဦးပိုင်အမှတ် (၉+၁၀)၊ ဧရိယာ(၀ ဒသမ ၁၁၀)ဧက အကျယ်အဝန်းရှိ ဒေါ်လှဲလှဲယဉ် အမည်ပေါက် ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော KYIN TIN (ဘ) ဦးဝမ်ကင်းကျိုန်(၁/ဝမန(ပြု)၀၀၀၀၅၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲလှဲနွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ–၂၉)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအာကာလင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်တင်တင်ဝင်း(ဘ)ဦးသန်းမောင်(၉/အမရ(နိုင်)၁၀၁၀၀၈) ကိုင်ဆောင် သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**(တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲလှဲနွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၃၅)၊ ဦးပိုင်နံပါတ်(၁၁၈+၁၁၉)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းစီရှိ ဦးကျော်ကျော် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၁၉)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချောတင်စံ(ဘ)ဦးစံမှူး(၉/မရမ(နိုင်)၀၇၉၅၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၃၆)၊ ဦးပိုင်နံပါတ်(၁၁၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဦးသွယ်(ဘ)ဦးတင်မောင်(၉/ပသက(နိုင်)၀၇၃၇၈၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၁–ဆ)၊ ဧရိယာ(၀ ဒသမ ၀၃၈၃) အကျယ်အဝန်းရှိသော ဒေါ်ခင်မေဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ(၁၈ပေ×အနောက်ဦးပိုင်အရှိ) အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးထွန်းမင်း(ဘ)ဦးစိုးတင့် (၉/မနမ(နိုင်)၀၉၈၈၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေး စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၈)၊ ဦးပိုင်အမှတ်(၆၀–ဃ)၊ ဧရိယာ(၀ ဒသမ ၁၃၀၀)ဧက အကျယ်အဝန်းရှိသော ဦးစန်းလွင် အမည်ပေါက် ဂရန်မြေကွက်ကြီးအတွင်းမှ ဧရိယာ(အရှေ့မျက်နှာစာ ၂၇ပေ× အနောက်မျက်နှာစာ ၁၉ပေ× အရှည် ၂၅ပေ) အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးစန်းလွင်(ဘ)ဦးကိုကိုကြီး(၉/မနမ(နိုင်)၀၉၂၆၀၁)၊ (၂)ဒေါ်ခင် ကြူအောင်(ဘ)ဦးကျော်မြ(၉/မနမ(နိုင်)၀၅၀၇၁၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (THE 5th CHINA XIZANG TRANS-HIMALAYA FORUM FOR INTERNATIONAL COOPERATION)သို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ညင်ချီ(ခ)လင်ကျစ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ထွက်ခွာရာတွင် ကိုယ်စားလှယ်အဖွဲ့အား ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာကျောင်းပန်နှင့် တာဝန်ရှိသူများက လင်ကျစ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံအား ဖြိုဖျက်ပြီးတွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၉

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ အလုံး၂၀ အနက် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၅ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံနှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# U 12 Junior Soccer World Challenge ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၂ ပဏာမအဆင့် ထပ်မံရွေးချယ်မှု ပြုလုပ်

မန္တလေး ဇူလိုင် ၁၉

ဂျပန်နိုင်ငံတွင် ကျင်းပမည့် U12 Junior Soccer World Challenge 2026 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်းအတွက် ပဏာမအဆင့် ထပ်မံရွေးချယ်ပွဲကို ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်အမျိုးသားဘောလုံး အကယ်ဒမီ၌ ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) သည် ပြီးခဲ့သည့် ဇူလိုင် ၁၁ရက်နှင့် ၁၂ ရက်တို့က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပထမအဆင့် လူရွေးပွဲများ ပြုလုပ်၍ ပဏာမကစားသမား ၁၃ ဦးကို ရွေးချယ်ခဲ့သည်။ ယခု ဒုတိယအဆင့် ရွေးချယ်ပွဲတွင် အဆိုပါ ဇုန်နှစ်ခုမှ ရွေးချယ်ခံထားရသည့် ပဏာမကစားသမားများနှင့်အတူ ရန်ကုန်၊ မန္တလေး ဘောလုံးအကယ်ဒမီတို့မှ လက်ရှိ ယူ-၁၂ ကစားသမားများအားလုံးကို ရန်ကုန်အမျိုးသားဘောလုံးအကယ်ဒမီတွင် စုစည်းကာ ပဏာမအဆင့် ထပ်မံစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုပြုလုပ်ခဲ့သည့် ပူးပေါင်း ရွေးချယ်ပွဲမှတစ်ဆင့် ထပ်မံရွေးချယ်ခံရမည့် ပဏာမကစားသမားစာရင်းကို လာမည့် ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။

ထိုသို့ ရွေးချယ်ခံရသူများကို ဇူလိုင် ၂၅ရက်တွင် စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်စေမည်ဖြစ်ပြီး၊ ထိုမှတစ်ဆင့် ဂျပန်နိုင်ငံပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အပြီးသတ်ကစားသမား စာရင်းကို ဆက်လက်စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ (NGB)

